# ပုသိမ်မြို့နယ်
# တွန်ပလွန်ကျေးရွာအုပ်စု
# ဝါးတောကြီးကျေးရွာ

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
# (၂၀၁၆–၂၀၂၀)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
(ပုသိမ်မြို့နယ်၊ တွန်ပလွန်ကျေးရွာအုပ်စု၊
ဝါးတောကြီးကျေးရွာ
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက
ကူညီရေးဆွဲသည်။)

၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ

# ဝါးတောကြီးကျေးရွာအခြေပြမြေပုံ




**ညွှန်ပြချက်**

- ရွာလမ်းမကြီး
- အိမ်
- ဘုရားကျောင်း
- စာသင်ကျောင်း (မူလွန်)
- မူကြိုကျောင်း
- စာကြည့်တိုက်
- ဆေးပေးခန်း
- တံတား
- တူးမြောင်း

## မာတိကာ

နိဒါန်း

ကျေးရွာအုပ်စုအခြေပြမြေပုံ

(က) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**၁။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ။**

(က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

**၂။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

(ဃ) ကျမ်းမာရေးနှင့်အဟာရ

(င) ပညာရေး

**၃။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

(ခ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကြောင်းလုပ်ငန်းများ

(ဂ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(ဃ) ပညာရေး၊ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

(င) လူငယ်နှင့်ယဉ်ကျေးမှု

(စ) အခြေခံအဆောက်အဦး၊လမ်းတံတား၊လျှပ်စစ်စွမ်းအားသတင်းနှင့် ဆက်သွယ်ရေး

(ဆ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလူထုလုံခြုံရေး

**၄။ ဖွံ့ဖြိုးရေးအတွက် အဆောက်အဦးဖြစ်စေမည့် အခြေအနေကောင်းများ အဟန့်အတားနှင့်စိန်ခေါ်မှုများ**

(က) ဖွံ့ဖြိုးရေးအတွက် အဆောက်အဦးဖြစ်စေမည့် အခြေအနေများ

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

**၅။ ပန်းတိုင်နှင့်မဟာဗျူဟာ**

(က) ဖွံ့ဖြိုးရေးပန်းတိုင်

**၆။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အတည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စရပ်များ။**

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲရေးနှင့် ပုံမှန်စိစစ်ခြင်း

(ခ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ

**၇။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းများ အစီအစဉ်များ။**

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

(ခ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရာနှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီစဉ်များနှင့် ငွေကြေးဆိုင်ရာအစီစဉ်များ။

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ရှောပြာကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့ တစ်ဖွဲ့ကို ကျးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင် ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီ အစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ကိုင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင် အပိုင်း (၂) ပိုင်းပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံချက်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်နင်းများ၏ အသေးစိတ် အချက်အလက်များပါဝင်ပါသည်။

ဇန်နဝါရီလ၊ ၂၀၁၇ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဝါးတောကြီးကျေးရွာအုပ်စု
ပုသိမ်မြို့နယ်

job\Shaw pyar\U yin kon

## အပိုင်း (က)

## ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

၁။ **နိဒါန်း**

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

**ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲခြင်း အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်းနှင့် သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာနှင့်ဌာနဆိုင်ရာများမှ ကိန်းဂဏန်း၊ သတင်းအချက်အလက်နှင့် နည်းပညာများရရှိရန် အရေးကြီးကြောင်း သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိ လူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးအဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ(၅)နှစ်ကာအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်ရမည့် နည်းဗျူဟာများ၊ စီမံချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့အပြင် ဦးစားပေး လုပ်ငန်း လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရရှိစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိရန်မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက်အသုံးဝင်မှု**

ကျွန်ုပ်တို့၏ အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်၊ ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု အစိုးရအဖွဲ့အစည်းများ အဆင့်ထိ တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိက အဖွဲ့အစည်းများအနေဖြင့်လည်း ကျေးရွာ၏ လိုလားချက်နှင့် ၄င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ၊ ချိန်ဆက်မှု ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

အစိုးရမဟုတ်သော (NGOS)၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ ($CSO_s$)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားချေးငွေလုပ်ငန်းရှင်များ အနေဖြင့် ကျေးရွာလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်ပါသည်။

ဤဖွံ့ဖြိုးရေးစီမံချက်ဖြင့် နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များမှ ၄င်းတို့၏ သုတေသနလုပ်ငန်းများအတွက် တိကျသော သတင်းအချက်အလက်များ ရရှိနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့်  သတင်းအချက်အလက်များရရှိနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များ ဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ နှင့်အလှူရှင်များအဖွဲ့ပအစည်းများအနေဖြင့် ၄င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုကောင်းစေပြီး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလုပ်နိုင်မည်ဖြစ်ပါသည်။

**(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုမည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့သည်။ ယခုအခါ ယင်းသို့ မဟုတ်ဘဲ ကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးခြယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖော်ရာတွင် ပစ္စည်း၊ ငွေကြေး၊ နည်းပညာ၊ အခက်အခဲများကြောင့် လုပ်ငန်း၏ လိုအပ်ချက်အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းပေးနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ လိုအပ်သော စွမ်းရည်နှင့် အရင်းအနှီးများ ပြည်စုံမှုအပေါ် မူတည်၍နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ **ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

(က) **တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား**

ကျေးရွာသည် ပုသိမ်-ငွေဆောင် အဝေးပြေးလမ်းမကြီး၏ တောင်ဘက် ----------- အကွာခန့်တွင် တည်ရှိပြီး ပုသိမ်မြို့နှင့် (၆)မိုင်ခန့်အကွာတွင်တည်ရှိပါသည်။ ကုန်းမြင့်ပေါ်တွင် ရွာတည်ရှိပြီး မြို့နှင့် နီးသဖြင့် လမ်းပန်းဆက်သွယ်ရေးမှာ အသင့်အတင့်ကောင်းမွန်သည်။ လမ်းများကို ကျောက်ကြမ်း၊ မြေဝါများဖြင့်ခင်းထားသည်။ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လယ်ယာမြေ လုပ်ငန်းကိုသာ အဓိကထားအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာလုပ်ငန်းကို သာ အဓိက အားထားရပါသည်။ ကျေးရွာတွင် သဘာဝ ဝါးများသည် ဒုတိယ အရေးပါဆုံးသော ထွက်ကုန်ဖြစ်သည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှမိုးရေးချိန် ------- မှ --------------- ဝန်းကျင်တွင် ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့် အထောက်အကူပြုသည်။ ရေချိုဒေသဖြစ်ပြီး တူးမြောင်းများစွာတည်ရှိခြင်းကြောင့် ဆန်စပါးနှင့် အခြားသီးနှံများကို တစ်နှစ်တာလုံးရေသွင်း စိုက်ပျိုးနိုင်ရန် ကျေးရွာ၏ လယ်ယာမြေအများစုသည် ရေကြီးရေလျှမ်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများစွာခံစားရသော်လည်း လူနှင့်တိရစ္ဆာန်များမှာ ကင်းလွတ်သည်။

(ခ) **သဘာဝအရင်းအမြစ်**

လယ်ယာမြေအသင့်အတင့်ရှိပြီး မြေဆီအသင့်အတင့်ကောင်းမွန်သည်။ ထွက်ယက်စိုက်ပျိုးနိုင်သည့် ဧက (၅၁၆) ဧကရှိပြီး စပါးကိုသာ အဓိကစိုက်ပျိုးကြသည်။ မိုးရာသီတွင် လယ်ယာမြေအားလုံး စပါးစိုက်ပျိုးပြီး နွေရာသီတွင် သီးထပ်စိုက်ပျိုးခြင်းကို မြေပြင်မညီညာမှု ရေပေးသွင်းရန် ခက်ခဲခြင်းကြောင့် (၄၀၀) ဧကခန့်သာ ပေါက်ရောက်ခြင်းကြောင့် ဝါးမှာ ဒုတိယထွက်ကုန်ဖြစ်သည်။

၃။ **ကျေးရွာ၏ လူမှုရေးဖွံ့ဖြိုးတိုင်းတက်ရအခြေအနေ**

(က) **လူဦးရေးဆိုင်ရာ အချက်အလက်များ**

ကျေးရွာတွင် အိမ်ထောင်စုပေါင်း **၁၈၃** စုနှင့် ကျား **၃၉၆** ဦး မ **၄၃၀** ဦးဖြင့် လူဦးရေပေါင်း **၈၂၆** ရှိပါသည်။ ခရစ်ယာန်ဘာသာဝင် အများဆုံးနေထိုင်ပြီး ဗုဒ္ဓဘာသာဝင်များလည်းရှိသည်။ ကျေးရွာ၏ လူဦးရေပေါင်း **၄၀** %ခန့်သည် အလုပ်လုပ်နိုင်သော အရွယ်ဖြစ်သဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ပါသည်။ လူငယ်များကို စနစ်တကျလေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေသည်။ အမျိုးသားဦးရေထက် **၁၀**%မျှမိုများသည်။

(ခ) **စီးပွားရေးအခြေအနေ ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်သည်။ တစ်ရွာလုံး၏ ဝင်ငွေအနေထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာ သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ **၅၀%** သည် ဆင်းရဲအဆင့် **၅၄၀%** သည် အလယ်အလတ်အဆင့် နှင့် **၁၀%** သည် ချမ်းသာအဆင့်ဟုသတ်မှတ်ကြသည်။ ကျေးရွာသည် မြို့နှင့် ဆက်သွယ်ရေးလွယ်ကူခြင်း၊ မြေယာပိုင်ဆိုင်မှု၊ လယ်ယာသုံး

စက်ကိရိယာများရှိခြင်းနှင့် ရေသွင်းစိုက်ပျိုးနိုင်ခြင်းကြောင့် ကျေးရွာစီးပွားရေးမှာ အတော်အသင့် ကောင်းမွန်သည်။ လယ်ယာမြေအပြင် လက်သမား၊ တစ်နိုင်တစ်ပိုင် မွေးမြူရေး၊ ကွမ်းစိုက်ပျိုးခြင်း၊ အစိုးရဝန်းထမ်းများအချို့နှင့် အများစုမှာ နေ့စားအလုပ်သမားများ ဖြစ်ကြသည်။ သဘာဝ ဝါးများသည် လည်း ဝင်ငွေရရှိရေးအတွက် အသင့်အတင့်အရေးပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင် အိမ်ထောင်စု အများစုမှာ ရာသီအလိုက် လယ်ယာလုပ်ငန်း ၊ ဝါးခုတ်၊ ကွမ်းစိုက်၊ ငါးရှဉ့်မြိုးထောင်၊ တပိုင်တနိုင် မွေးမြူရေးများတွင် အလုပ်အကိုင်ရှာဖွေနိုင်သည်။ ကျေးရွာတွင် လယ်သမားများမှ (၆)လမှ (၁၂)လအထိ ချေးငှားစရာမလိုဘဲ စားသုံးနိုင်ပြီး အကြွေးတင်ရှိမှုတွင် အိမ်ထောင်စုအားလုံးသည် အကြွေးငွေ ၂၀၀၀၀ိ/-ကျပ်မှာ ၂၀ သိန်းရှိတင်ရှိနေကြောင်း သိရှိသည်။

အိမ်ထောင်စုများတွင် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုနှင့် မုဆိုးဖို တစ်ခုလပ်၊ မိသားစု စောင့်ရှောင့်မှုနည်းသည့် သက်ကြီးရွယ်အိုများ၊ ရွာပြင်ပသို့ သွားရောက်အလုပ်လုပ်နေသော အိမ်ထောင်စု များလည်းရှိပြီး ဆင်းရဲပြီး ထိခိုက်လွယ်သည်။ ရွာပြင်သို့သွားပြီး အလုပ်လုပ်သော လူငယ်များသည် လိင်မှတဆင့် ကူးစက်တတ်သောရောဂါ၊ အရက်နှင့် မူးယစ်ဆေးဝါး အန္တရာယ်များရှိတတ်သည်။

**(ဃ) ကျန်းမာရေးနှင့်အာဟာရ**

ကျေးရွာတွင် ရွာသားအများစုနှင့် ကလေးငယ်အများစုမှာ တကိုယ်ရေးသန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များကြောင့် သာမာန်အားဖြင့် ကျန်းမာရေးကောင်းမွန်ပြီး အဟာရပြည့်ဝမှု လည်း ရှိကြပါသည်။ အာဟာရချို့တဲ့သောကလေးငယ်အနည်းစုကို World Vision နှင့်ကျေးရွာ ကလေးငယ်စောင့်ရှောက်ရေးအဖွဲ့မှ အာဟာရပံ့ပိုးပေးသည်။ ယခု နှစ်ပိုင်းတွင် သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားမှုများလည်း တွေ့ရသည်။ ကျေးရွာရှိ ဆေးပေးခန်းမှ အခြေခံကျန်းမာရေးစောင့်ရှောက် မှုရရှိနိုင်ပြီး မြို့နယ်ဆေးရုံ ဆေးဆိုင်း များမှလည်း ကုသမှုအလွယ်တကူရရှိနိုင်သည်။ လက်နှိပ်တုံကင်၊ မော်တာသုံးတုံကင်များမှ မြေအောက်ရေ အလွယ်တကူရနိုင်ပြီး ယင်လုံအိမ်သာသုံးစွဲမှုများကြောင့် ဝမ်းရောဂါဖြစ်ပွားမှုနည်းပါသည်။

**(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ**

ကျေးရွာတွင် အခြေခံပညာရေးကို ရွာရှိ မူလတန်း၊ အလယ်တန်းကျောင်းမှာ တက်ရောက်သင်ကြား နိုင်ပြီး ရွာသားအများစုမှာ အခြေခံအရေး၊ အဖတ်အတွက်တို့ကို တတ်မြောက်ကြသည်။ ဘွဲ့ရ အရေအတွက် အနည်းငယ်သာရှိပြီး သက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုများမှာ နိမ့်ကျင်ဆဲဖြစ်ခြင်း ကြောင့် လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးဆဲဖြစ်သည်။

(စ) ကျား -မ ရေးရာကိစ္စဆိုင်ရာ

ကျေးရွာတွင် ကျား-မ ရေးရာကိစ္စများမှာ လွတ်လပ်မှုရှိခြင်းကြောင့် ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းများ မတွေ့ရပါ။ ထို့အတူ ပညာရေးနှင့် အခြားနယ်ပယ်များတွင်လည်း အခွင့်အရေးတူညီစွာရရှိကြသည်။

သို့သော် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသမီးများ၏ လုပ်အားခလျော့နည်းခြင်းကြောင့်၊ အမျိုးသားများက လုပ်အားခငွေ ပိုမိုရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းတွင်လည်း အမျိုးသမီးပါဝင်မှုနည်းသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ အစီအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၁)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ (၁)ဖွဲ့နှင့် စီးပွားရေးဆိုင်ရာ (  ) ဖွဲ့ အပြင် အသက်ကြီးရွယ်အိုဆိုင်ရာအဖွဲ့ (၁) ဖွဲ့ရှိသည်။ ယင်းအဖွဲ့များအနက် ပြင်ပမှ အဖွဲ့စည်းပေးသော အမျိုးသမီးရေးရာအဖွဲ့မှာ လှုပ်ရှားမှု အားနည်းကာနာရေးကူညီမှု အသင်းမှာ လှုပ်ရှားမှုအားကောင်းသည်။ အဆိုပါ အဖွဲ့အစည်းများသည် အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးသင်တန်းများရှိပါက ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

(ခ) သီးနှံ၊ သားငါး၊ ထုတ်ပိုးရေးကဏ္ဍ

ကျေးရွာတွင် စပါးကို အဓိကစိုက်ပျိုးပြီး မိုးစပါးစိုက်ဧက (၄၀၀) ရှိပြီး တစ်ဧက (၅၀)တင်းထွက်ရှိသည်။ နွေစပါးစိုက်ဧက (၃၀၀) ရှိပြီး ၊ တစ်ဧက (၇၀)တင်းထွက်ရှိကာ တူးမြောင်းများမှ ရေသွင်းစိုက်ပျိုးသည်။ နည်းပညာဝန်ဆောင်မှုများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ကုမ္ပဏီများမှ ရရှိနိုင်သည်။ တောင်သူအများစုမှာ အလုပ်သမား မလုံလောက်မှု၊ လုပ်အားခပိုမိုပေးမှ အလုပ်သမားငှားရမ်းနိုင်ပြီး ကုန်ကျစရိတ်မြင့်မားကာ တောင်သူအချို့ ကြွပက်စတစ်ကိုသာ အသုံးပြုသည်။ တစ်ခါတစ်ရံ မိုးရွာသွန်းမှု မညီမျှခြင်းကြောင့် ဖျက်ပိုးကျရောက်မှုများရှိကာ တောင်သူများအနေဖြင့် ထိရောက်သော ဖျက်ပိုးနှိမ်နင်းရေးစနစ်ကို လိုလားကြသည်။

ကျေးရွာတွင် တစ်ရွာလုံးနီးပါး ဒေသ ကြက်၊ ဝက် အနည်းအများအလိုက် မွေးမြူကြပြီး ဈေးကွက်မှ ဝယ်လိုအားကောင်းသည်။ ကြက်လည်လိမ်ရောဂါကြောင့် သေဆုံးပျက်စီးမှုများရှိသည်။ နည်းပညာဝန်ဆောင်အားနည်းပြီး ဆင်းရဲသော အိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်း ထည်ထောင်/တိုးချဲ့ဆောင်ရွက်ရန်ငွေ အလွယ်တကူမရှိနိုင်ခြင်းကြောင့် မွေးမြူရေးလုပ်ငန်းအတွက် အဟန့်အတားဖြစ်စေသည်ကိုတွေ့ရသည်။

(ဂ) **စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စား၊ ဝါးခုတ်၊ ဈေးရောင်း၊ ငါးဖမ်းနှင့်အစိုးရဝန်ထမ်းလုပ်ငန်းများ ဖြစ်သည်။ ရာသီဥတုနှင့် လုပ်ငန်းအမျိုးအစားအလိုက် လက်လုပ်လက်စားသမားများမှာ စိုက်ပျိုးရာတွင်တွင် အလုပ်ကိုက်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် ထွက်ခြေကိုက်မှုနည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားသော်လည်း မြို့ပေါ်ရှိ သက်မွေးဝမ်းကြောင်းဆိုင်ရာ သင်တန်းများတက်ရောက်ရန် သင်တန်းစရိတ်အကုန်အကျနှင့် လုပ်ငန်းခွင်သုံးပညာ အရည်အသွေးကျဆင်းလာနိုင်သည်။ ၂၀၁၆ ခုနှစ်မိုးတွင်းက ရေကြီးရေလွှမ်းမှုဖြစ်ပွားပြီး ရွာမှာ မြေမြင့်သောအပိုင်းတွင် တည်ရှိသောကြောင့် အန္တရာယ်နည်းပါသည်။ အားပျော့သောမုန်တိုင်း တစ်ခါတစ်ရံကြုံတွေ့ရတတသည်။ ဘဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

(င) **ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ကျေးရွာတွင် တောင်သူများသည် မြန်မာ့လယ်ယာကဏ္ဍဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောငွေကို တစ်နှစ်အတိုးနှုန်း(၅)ကျပ်တိုး၊ တစ်ဧ တစ်သိန်းတိုး၊ တစ်ဧကအတွက် ချေးယူနိုင်ကြသည်။ ကျေးရွာတွင် သမဝါယမအသင်းမှ ဖွဲ့စည်းပေးသာ မြန်မာ့ငွေရေးကြေးရေးအဖွဲ့အစည်းထားပြီး အဖွဲ့ဝင်(၇၅)ဦးရှိကာ တစ်နှစ်အတိုးနှုန်း ၃၀%ဖြင့် အသင်းဝင်များချေးယူနိုင်ကြပါသည်။ အဖွဲ့တွင်ချေးငွေကို (၆)လအထိချေးယူနိုင်ပြီး စည်းကမ်းပိုင်းတွင်တင်းကျပ်ထာသည်။ အချို့အိမ်ထောင်စုများမှာ ရွာထဲတွင် ငွေတိုးချေးစားသူများထံမှ တစ်နှစ်အတိုးနှုန်း ၅၀%မှ ၇၅ %ဖြင့်လည်းကောင်း၊ မိတ်ဆွေမိသားစုဝင်များထံမှ တစ်နှစ်အတိုးနှုန်း ၁၅%ခန့်ဖြင့်လည်းကောင်း၊ ချေးယူနိုင်ကြသေးသည်။

ကျေးရွာသား အများစုသည်ချေးငွကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့အတွက် အတူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက်များပြားကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အကြွေးထားရှိမှု အနေထားကို လေ့လာဆန်းစစ်ချက်အရပါဝင်သော ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများအားလုံးသည် အကြွေးယူထားကြပြီး အကြွေးငွေ၂၀၀၀ဝိကျပ် မှ ဆယ်သိန်းတိတိချေးယူထားကြောင်းတွေ့ရှိရပါသည်။ ထိုအိမ်ထောင်စုများ၏ ၉၇%သည် အကြွေးငွေငါးသိန်းအောက်ချေးငွေယူထားပြီး ၃%သည်ငါးသိန်း၊ အထက်ချေးယူထားကြောင်းတွေ့ရှိခဲ့ပါသည်။

(ခ) **ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် ၊ ပေ ၁၂၀၊ ပေ ၄၅ အရွယ်ရှိ သွပ်မိုး၊ အုတ် ၊ နံရံကာ၊ အင်္ဂတေခင်း၊ ကျောင်းတစ်ဆောင် နှင့် ပေ ၆၀ ၊ ပေ ၃၀၊ ပေ ------- ရွယ်ရှိ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း ကျောင်းဆောင်

တစ်ဆောင်ရှိသည်။ ကျောင်းသူ/သားပေါင်း ၂၃၀ ရှိပြီး ဆရာ/မ (၈)ဦးသာရှိသည်။ ကျေးရွာတွင် ရွာသားအားလုံးမှာ ရေးတတ်ဖတ်တတ်ပြီး မူလတန်းအောင် ရာနှုန်းမြင့်မားသည်။ ကျောင်းတွင် ဆရာ/မ အင်အားနှင့် ပရိဘောဂ လုံလောက်မှု အသင့်အတင့် ရှိသည်။ လွန်ခဲ့သော ကျောင်းဖွင့်ရာသီတွင် ကျောင်း/ကျောင်းသားများအတွက် ပြဋ္ဌာန်းစာအုပ်များနှင့်လေ့ကျင့်ခန်းစာအုပ်များ အခမဲ့ ပံ့ပိုးပေးခဲ့သည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိသည်။ ဆရာ/မ နှစ်ဦးရှိပြီး အရေးကြီးလူနာများမှာ ပုသိမ်မြို့နယ်ဆေးရုံးကြီးမှာ အလွယ်တကူ ကုသမှုခံယူနိုင်သည်။

သောက်ရေကို လက်နှိပ်တုံကင် နှင့် မော်တာသုံးတုံကင်များမှ လုံလောက်စွာရရှိသည်။ အိမ်ထောင်စု အားလုံးမှာ ယင်လုံအိမ်သာသုံးစွဲကြသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းသူ/သား များအတွက် ယင်လုံအိမ်သာဆောက်လုပ်ပေးထားသည်။

(ဆ) **လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်အတွက် အပန်းဖြေအနားယူနိုင်မည့် နေအထားသီးသန့်ရှိပေ။ ကျေးရွာရှိ လူမှုရေးလုပ်ငန်းများကို တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲများတွင် ရိုးရာအက၊ သီးချင်းများဖြင့် ပါဝင်တင်ဆက်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ဆောင်ရွက်သည့်ဖွံ့ဖြိုးရေးလုပ်ငန်း သီးသန့်ဖော်ဆောင်ခြင်းမရှိသေးချေ။

(ဇ) **အခြေခံအဆောက်အဦး ၊ လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး**

ကျေးရွာတွင် ရွာလမ်းမှာ သဘာဝမြေလမ်းဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ် (၄၃)စီး၊ စက်ဘီး (၁၀၇)စီး၊ ထော်လာဂျီ (၂)စီးနှင့် သုံးဘီးဆိုင်ကယ် (၁) စီးတို့ကို သုံးပြုလျှက်ရှိပါသည်။ မြို့နှင့် နီးသော်လည်း လျှပ်စစ်မီးမရရှိသေးချေ။ ကျေးရွာတွင် မိုးဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ အင်တာနက်အသုံးပြုမှု အသင့်အတင့်ကောင်းမွန်ပြီး သတင်းအချက်လက်များထွက်ချိတ်ဆက်အသုံးပြုနိုင်သည်။ မြို့နှင့် နီးသောကြောင့် ဈေးကွက်နှင့် လမ်းပန်းဆက်သွယ်ရေး အတော်အသင့် ကောင်းမွန်သည်။

(ဈ) **တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် အသင်းအုပ်ဆရာတော်ကြီး၏ ဩဇာအာဏာကြီးမှုနှင့် ရဲစခန်းသို့အလွယ်တကူ သွားရောက်နိုင်ခြင်း၊ ရာဇဝတ်မှုနည်းပါးပြီး တည်ငြိမ်အေးချမ်းကာ ကုန်စည်းကူရောင်းဝယ်ရေးချောမွေ့စေသည်။ ကျေးရွာတွင် သဘာဝအန္တရာယ်လျော့ပါးရေး အစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိပါ။

၅။ **ဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် စိတ်ခေါ်မှုများ**

(က) **ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်မည့် အခြေအနေများ**

ကျေးရွာတွင် လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် လျှပ်စစ်မီးရရှိရေးမှာ အလွန်အရေးပါသည်။ သို့သော်ယနေ့အချိန်ထိ မရရှိသေချေ။

လူငယ်ပညာတတ်များရှိပြီး လူဦးရေအားလုံး၏ ၈၀ %မှာ အလုပ်လုပ်နိုင်သော အရွယ်များဖြစ်ကြသည်။ ဘွဲ့ရ အရေအတွက် အနည်းငယ်ရှိပြီးကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်း သင်တန်းများသို့ လူငယ်များကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါသည်။ ကျေးရွာတွင်လူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး အထွေထွေရောဂါများကို ကျေးရွာရှိ ဆေးပေးခန် မှ ကုသမှုခံယူရရှိနိုင်ပြီး စိုးရိမ်ရသောရောဂါများကို ပုသိမ်မြို့နယ်ဆေးရုံကြီးတွင် ကုသမှုခံယူနိုင်သည်။ ကျေးရွာတွင် စာသင်ကျောင်း၊ ပံ့ပိုးမှုပစ္စည်းများနှင့် ဆရာ/မ အင်အားမှာ အသင့်အတင့်ကောင်းမွန်သော အနေအထား တွင်ရှိသည်။ ယခုလ ၁. ၁၁. ၂၀၁၆ မှစ၍ ကျေးရွာရှိ ရပ်မိရပ်ဖများ၊ အုပ်ချုပ်ရေးမှူး၊ World Vision နှင့်အဖ အသင်းအုပ်ဆရာတော်ကြီးတို့ ပူပေါင်း၍ တတိယတန်းမှ သတ္တမတန်းထိ ကျောင်းသူကျောင်းသားများအား ည ၆း၀၀မှ ၉း၀၀နာရီထိ စာဖတ်ဝိုင်းများ ပြုလုပ်ပေးသဖြင့် ကျောင်းသူ/သား များအတွက် ပညာရေး အခြေအနေများ ကောင်းမွန်လာမည် ဖြစ်ပါသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေဩဇာ အတော်အသင့်ကောင်းမွန်သည်။ တောင်သူများသည်လည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ရေးနိုင်သည်။ မိုးရွာသွန်းမှုမှာ စပါးနှင့် အခြားသီးပင်စားပင်များ စိုက်ပျိုးရန် အထောက်အပံ့ဖြစ်စေသည်။ တူးမြောင်းများမှ နွေးစပါး ( ) ဧက ရေသွင်းစိုက်ပျိုးနိုင်သည်။ ပုသိမ်နှင့်ရန်ကုန်မြို့များသို့ ကားလမ်း၊ ရထားလမ်းများဖြင့် ကူးသန်းသွားလာနိုင်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များ အချိန်မီ တင်ပို့ရောင်းချနိုင်သည်။

ကျေးရွာတွင် မိုဘိုင်းလ်ဖုန်း ဆက်သွယ်ရေးနှင့် အင်တာနက်အသုံးပြုမှုအသင့်အတင့်ကောင်းမွန်သည်။ ရာဇဝတ်နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကူသန်းရောင်းဝယ်ရေးကို အဆင်ပြေစေသည်။

(ခ) **အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာ အသင့်အတင့်သာကောင်းမွန်ခြင်းနှင့် ထပ်မံတိုးချဲ့ရန် အဆင်မပြေသဖြင့် အထွက်နှုန်းတိုးအောင် လယ်သမားများ အားစိုက်ရပေသည်။ ရေသွင်းစိုက်ပျိုးနိုင်သော်လည်း မြေပြင်မညီညာမှုကြောင့် ရေသွယ်မြောင်းများ တိုးချဲ့ဆောက်လုပ်ပြီး

ရေသွင်းစိုက်ပျိုးဧက မြင့်တင်ရန်တိုးများလာစေရန် ဆောင်ရွက်သင့်ပါသည်။ မြေဆီလွှာအရည်အသွေးနှင့် ပိုးမွှားနှိမ်နှင်းရေးအတွက် ထိရောက်သော နည်းပညာပံ့ပိုးမှုများရရှိရန် လိုအပ်ပါသည်။ တောင်သူများနှင့် ချေးငွေလိုအပ်သောအိမ်ထောင်စုများအတွက် အတိုးနှုန်းသက်သာပြီး လုံလောက်သော ချေးငွေထုတ်ပေးနိုင်သော အဖွဲ့အစည်းများနှင့် ဘဏ်များကိုအပ်ပါသည်။

၆။ **ပန်းတိုင်နှင့် မဟာဗျူဟာ**

(က) **ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့များ နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်ကာအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားသည်။

(က-၁) ကျေးရွာလူထု သည် ကုန်ထုတ်လုပ်မှုမြင့်တင်ခြင်၊ အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေးပညာတင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရရှိစေမည်။

(က-၂) ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရေးနယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(ခ) **အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင် ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားမည်။

(ခ-၁) ကျေးရွာတွင် ရင်းနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ ရင်းနှီးငွေရရှိရန်အတွက် ဘဏ်နှင့် အခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ရရှိလာပါက စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများအားခွဲဝေပေးမည်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ နည်းပညာများ ထွန်းကာလာရေးအတွက် သင်တန်းများ တက်ရောက်နိုင်ရန် ဆောင်ရွက်ပေးမည်။ ရရှိလာသော နည်းပညာများ မျှဝေပေးပြီး မိမိကိုယ်တိုင်လည်း အသုံးချကာ ထုတ်လုပ်မှုတိုးတက်စေမည်။

(ခ-၂) ကျေးရွာတွင် ကုန်သည် ဦးရေရှားပါးသည်။ ဒေသထွက် ဆန်စပါး၊ ဝါး၊ ကြက်၊ ဝက်များအား ကူးသန်းရောင်းဝယ်ရန်အတွက် လူငယ်လူရွယ်များအား တွန်းအားပေးပြီး ကုန်သည်ဦးရေ ထွန်းကားလာအောင် ဆောင်ရွက်မည်။

(ခ-၃) ကျေးရွာတွင် ကလေးငယ်များ၏ ပညာအရည်အချင်းတိုးမြင့်လာအောင် ကျောင်းတွင် လုံးလောက်သော ပရိဘောဂ နှင့် ကျွမ်းကျင်မှုပြည့်ဝသော ဆရာ/မများရရှိရေးအတွက် ဆောင်ရွက်သွားမည်။

(ခ-၄) ကျေးရွာလမ်းနှင့် အခြေခံအဆောက်အဦးများကို တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ လျှပ်စစ်မီးရရှိရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားမည်။ လူမှုအဖွဲ့အစည်း များကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှု စွမ်းရည်များ ပိုမိုရရှိအောင်ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

**၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အတည်ဖော်ရာတွင် မြို့နယ်အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ**

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်းရေရှည်တည်တံ့မည့်အထောက်အပံ့များကိုနိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျေးရွာသားများကိုယ်တိုင် အားစိုက်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလ အတိုင်း ပုံမှန်စိစစ်သွားနိုင်ပါသည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက် ပမာဏပါဝင်သည့် နှစ်ပတ်လည် ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး**

ကျေးရွာတွင် စိုက်ပျိုးမြေအားလုံးကို မိုးစပါး ကေပြည့်စိုက်ပျိုးနိုင်သည် နွေးစပါးစိုက်ပျိုးရေးအတွက် ရေသွင်းမြောင်းတိုးချဲ့ဆောက်လုပ်ခြင်းဖြင့် စိုက်ပျိုးမြေများကို ထိရောက်စွာ အသုံးချနိုင်စေသည်။ တောင်သူများအတွက် စိုက်ပျိုးရေးနှင့်ဖျက်ပိုးနှိမ်နှင်ရေး နည်းပညာသစ်များရရှိရေးအတွက် စိုက်ပျိုးရေး ဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်သည်။

**(ဂ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့်တောင်သူကြီးများ အတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမား နှင့်အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့်အသေးစားလုပ်ငန်းများအတွက် အထိုက်အလျောက် များပြားသည့် ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင် သမဝါယမ အသင်းဖွဲ့စည်းထားခြင်း မရှိသေး သဖြင့် မြို့နယ်သမဝါယမအသင်းက ချေးငွေလိုအပ်သူရွာသားများအတွက် ချေးငွေရရှိရေးအစီအစဉ် ကို ဆောင်ရွက်သင့်သည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြခြင်း

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းများအား ကာလအပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည် -

| စဉ် | စီမံချက် (Project) | ဦးစားပေးအဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | တွန်ပလွန်-ဝါးတောကြီးရွာချင်းဆက် လမ်းပြုပြင်ရန် ဆောင်ရွက်ခြင်း | ၁ | A | A | | | |
| ၂ | ရွှံ့အင်း၊ တလိုင်းလေးကုန်း၊ ဝါးတောကြီး ရွာချင်းဆက်လမ်းမြေတင်/ဖို့ ခြင်း။ | ၂ | A | A | A | A | A |
| ၃ | ကျေးရွာတွင် ရွာတံတားပြန်လည် ဆောက်လုပ်ခြင်း | ၃ | A | A | A | A | A |
| ၄ | ကျေးရွာ၏ ပညာတတ်မြောက်မှုတိုးတက်အောင် ဆောင်ရွက်ခြင်း။ | ၄ | | | A | A | A |
| ၅ | မွေးမြူရေးဆိုင်ရာလုပ်ငန်းများ တိုးတက်မှုရှိအောင် ဆောင်ရွက်ခြင်း။ | ၅ | | | A | A | A |
| ၆ | ကျေးရွာအတွင်းရှိ မူလတန်းကျောင်း/ကျောင်းဆောင် အသစ်ပြန်လည်ဆောက်လုပ်ခြင်း | ၆ | | A | A | A | A |
| ၇ | ကျေးရွာအတွင်း စက်မှုလယ်ယာအဆင့်မြှင့်တင်ခြင်း | ၇ | | A | A | A | A |
| ၈ | သင့်တင့်သောနှုန်းထားဖြင့် ကာလရှည်ချေးငွေ ပေးနိုင်မည့်အဖွဲ့များနှင့်ချိတ်ဆက်ခြင်း။ | ၈ | A | A | A | A | A |
| ၉ | စိုက်ပျိုးရေးဆိုင်ရာနည်းပညာ၊ ဗဟုသုတ၊ ကျွမ်းကျင်မှု များတိုးတက်ရေးဆောင်ရွက်ခြင်း။ | ၉ | A | A | A | A | A |
| ၁၀ | အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ခြင်း။ | ၁၀ | | | A | A | A |

job\Shew pyar\U yin kon

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

### (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏ % |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၉ | ၆ | ၁၅ | ၁.၇၈ |
| ၁ နှစ်မှ ၅နှစ်အောက် | ၅ နှစ်အောက်ကလေးငယ် | ၃၃ | ၃၁ | ၆၄ | ၇.၆၀ |
| ၅ နှစ်မှ ၉ နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၂၅ | ၄၂ | ၆၇ | ၇.၉၆ |
| ၉ နှစ်အထက်မှ ၁၅ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၄ | ၄၃ | ၈၇ | ၁၀.၃၄ |
| ၁၅ နှစ်အထက်မှ ၆၀ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၆၇ | ၂၉၁ | ၅၅၈ | ၆၆.၃၄ |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၄ | ၂၆ | ၅၀ | ၅.၉၄ |
| **စုစုပေါင်း လူဦးရေ** | | ၄၀၂ | ၄၃၉ | ၈၄၁ | ၁၀၀ |
| **စုစုပေါင်း အိမ်ထောင်စု** - ၁၈၃ | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ -** | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။ ။**

ကျေးရွာတွင် အိမ်ထောင်တစ်စုပျမ်းမျှ လူဦးရေ (၃.၅) ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှနှုန်း (၅) ဦးထက်လျော့နည်းပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ် နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးပေါင်း၏ ၆၉% ခန့်ရှိသဖြင့် လူသားအရင်းအမြစ် ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင် ကြောင်းလေ့လာတွေ့ရှိပါသည်။

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား

(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစု ဝင်လုပ်အား | | |
| ၁ | စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅၁ | ၂% | | ၁၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂၀ | .၉% | | ၂၀ | |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | .၁% | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၅ | .၂% | | | |
| ၃ | ငါးဖမ်း လုပ်ငန်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၉ | .၉% | | ၂၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၉ | .၄% | | ၁၀ | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | .၁% | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၃၀ | ၁% | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | .၂% | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၆ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆ | ၁% | | ၅ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၀ | ၂% | | | |
| ၇ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | .၁% | | ၃ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၈ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၅ | .၈% | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစု ဝင်လုပ် အား | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၂၆ | ၆% | | ၅၀ | |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၈၄ | ၈% | | ၁၁ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | .၄% | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆ | .၃% | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၀ | .၄% | | | |
| ၁၃ | **ငွေရေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၂ | .၅% | | ၁၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၇ | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | .၀၄% | | ၃ | |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | **စုစုပေါင်း** | | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။ ။**

ကျေးရွာတွင် အဓိကအလုပ်အကိုင်မှာ အိမ်ထောင်စုစာရင်း ကောက်ယူချက်အရ ကျေးရွာတွင် လယ်ယာ လုပ်ကိုင်ပြီး ကျပန်းနှင့် ရာသီအလိုက် အလုပ်သမားများလည်း တွေ့ရှိကြောင်း လေ့လာသုံးသပ်တွေ့ရှိပါသည်။

မှတ်ချက်။ လယ်ယာလုပ်ငန်းအများစု လုပ်ကိုင်ပါသည်။

## (၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၄၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၂၅၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၃၀၀၀ | ၂၀၀၀ | ၂၅၀၀ | ၂၀၀၀ | |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၆၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၃၅၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။ ။**

ကျေးရွာတွင် ဦးတည်အုပ်စုအဖွဲ့နှင့် ဆွေးနွေးချက်အရ လယ်ယာ လုပ်ငန်းတွင် ၁ - နာရီလျှင် (၆၂၅) ကျပ်ရရှိပြီး၊ ဆောက်လုပ်ရေးလုပ်ငန်းတွင် ၁ - နာရီလျှင် (၈၇၅) ကျပ် ရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ထို့ကြောင့် လယ်ယာလုပ်ငန်း အလုပ်သမားနည်းပါးခြင်းဖြစ်ပါသည်။

(၁.၃) သဘာဝ ရင်းမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၅၁၆ | သင့် | မရ | ၂၅၀ – ဧက |
| ယာမြေ /တောင်ယာ | | | | |
| ဥယျာဉ်ခြံမြေ | ၂၉၁.၉၃ | သင့် | | |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| နှစ်ရှည်သီးနှံစိုက်ခင်း | | | | |
| ရွှေ့ပြောင်းတောင်ယာမြေ | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| အခြား | | | | |
| စုစုပေါင်း | ၈၀၆.၉၃ | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

မှတ်ချက်။ ။ရေရှိသည့် နေရာအမျိုးအစား - ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။

ကျေးရွာတွင် အိမ်ထောင်စု စာရင်းကောက်ယူမှုနှင့် ဦးတည်အုပ်စု အဖွဲ့များနှင့် လေ့လာချက်အရ ကျေးရွာအတွင်း စိုက်ပျိုးမြေဧရိယာမှာ (၈၀၆.၉၃) ဧကရှိပြီး လယ်ယာမြေအဓိကစိုက်ပျိုးကြပါသည်။ ဥယျာဉ်ခြံမြေများလည်းရှိသော်လည်း ရေကြီး နစ်မြုပ်သည့်အတွက် စိုက်ပျိုးရေးအတွက် အသင့်အတင့်သာရှိကြောင်း တွေ့ရှိရပါသည်။

(၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမီ |
| အခြား ရင်းမြစ်များ | သင့် | ခက် |
| အခြားသဘာဝ ရင်းမြစ် | | |

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | သင့် (လိပ်၊ မြွေ) | ခက် |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | နည်း | ခက် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။**

ကျေးရွာရှိ ဦးတည်အုပ်စုနှင့် ဆွေးနွေးချက်အရ ကျေးရွာတွင် စားကျက်မြေ အသင့်အတင့်ရှိပြီး၊ နွားစာလည်းရှိပါသည်။ ဆေးဘက်ဝင်အပင်များမှာ ခက်ခဲမှုတွေ ရှိပါသည်။

## (၁.၄) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၅-၅၁ ဧက | ၃-၅ ဧက | ၀-၃ ဧက | မရှိ |
| အိမ်အခြေအနေ | ပျဉ်ကာ/သွပ်မိုး | သွပ်မိုး/ပျဉ်ထောင် | ဓနိမိုး/ပျဉ်ခင်း | ဓနိမိုး/ကာ/ပျဉ်ခင်း |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | လက်တွန်းထွန်စက် | နွား/ရေတင်စက် | မရှိ | မရှိ |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | ကြက်၊ဘဲ၊ဝက် | ကြက်၊ဘဲ၊ဝက် | ကြက် | |
| အဓိကစီးပွားရေး လုပ်ငန်း | လယ် | လယ် | ကျဘမ်း | ကျဘမ်း |
| အခြားပိုင်ဆိုင်မှု | ဆိုင်ကယ် | ဆိုင်ကယ်/စက်ဘီး | | |
| အိမ်ထောင်စု - | ၁၈ ( %) | ၂၆ ( %) | ၃၈ ( %) | ၁၈ ( %) |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။ ။**

ကျေးရွာတွင် အိမ်ထောင်စုစာရင်းကောက်ခံမှု နှင့် တွေ့ရှိချက်အရ အဆင်ပြေ သော အိမ်ထောင်စုမှာ (၁၈%) ခန့်၊ အလယ်အလတ်ရှိသောအိမ်ထောင်စုမှာ ၂၆% ခန့် နှင့် ဆင်းရဲသောမိသားစုမှာ ၃၈% ခန့်ဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

အလွန်ဆင်းရဲသော မိသားစု ၁၈% ရှိ သည်ကိုတွေ့ရှိရပါသည်။

တလိုင်းချောင်းကုန်းကျေးရွာတွင် အိမ်ထောင်စုအားလုံးသည် အလုပ်အကိုင်/အရောင်းအဝယ်စသည့် လုပ်ငန်းများ သွားလာလုပ်ကိုင်ရာတွင် ဆက်သွယ်ရေးလမ်း မကောင်း ပါသဖြင့် သွား/လာရေး အခက်ခဲနှင့် ကြုံတွေ့နေရသည်ကို တွေ့ရှိရပါသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာစေ့ အဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၂၀၈ | ၂၆ | ချေးငွေကြိုယူ |
| ၃ လနှင့် ၆ လအောက် | ၂၀၈ | ၁၈ | ချေးငွေကြိုယူ |
| ၆ လ မှ ၁၂ လ အထိ | | ၃၈ | ပေါင်းနှံ |

ရင်းမြစ်..ဥစ္စာစေ့အဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။ ။**

ဆင်းရဲသော မိသားစုတို့သည် ဈေးဆိုင်တွင် လသွင်းစနစ်ဖြင့် ဖြေရှင်းကြသည် များလည်း ရှိပါသည်။ အလုပ်မှရသော ငွေသည် ရက်ကြာသည့်အခါ ရှိသဖြင့် ထိုငွေကို စောင့်စားပြီး လပေးစနစ်ဖြင့် ဈေးဆိုင်တွင် ဖြေရှင်းရသည်။

### (၁.၅.၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | မရှိ | မရှိ | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။**.......................................................................................

ကျေးရွာတွင် အများစုသည် ရိုးသားပွင့်လင်း၍ စေတနာ အပြည့်ဖြင့် တစ်ဦး နှင့် တစ်ဦး ရိုင်းပင်းကူညီ တတ်သောကြောင့် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေနည်းပါးပါသည်။

### (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | လတ် | ရေကြီး/ပိုးကျ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | လတ် | |
| ၃ | ရေကြီးခြင်း | နိမ့် | |
| ၄ | မိုးခေါင်ခြင်း | နိမ့် | |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | |
| ၆ | မုန်တိုင်း | နိမ့် | |
| ၇ | လျှော် | နိမ့် | |
| ၈ | မီးဘေး | နိမ့် | |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် | ၈၀% |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် | ၁၀၀% |
| ၁၂ | ငှက်ဖျားရောဂါ | လတ် | ၅၀% |
| ၁၃ | တီဘီရောဂါ | နိမ့် | မရှိ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | မရှိ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | နိမ့် | မရှိ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် | ၉၀% |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | မရှိ |
| ၁၈ | ဆေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | မြင့် | ၁၀၀% |
| ၁၉ | အခြား | | အသင့်အတင့်ကောင်းမွန်ပါသည်။ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။**

ကျေးရွာတွင် နှစ်စဉ်ရေကြီးခြင်းနှင့် ကြုံတွေ့နေရပါသဖြင့် တောင်သူ လယ်သမားများ စီးပွားရေးခက်ခဲပါသည်။ ကူးစက်ရောဂါ ကျရောက်ပါသော်လည်း ဆက်သွယ် ရေး လမ်း ခက်ခဲမှုကြောင့် အခက်တွေ့နေရပါသည်။ ကျန်းမာရေးဖြစ်ရာတွင် ဆေးပေးခန်း ရှိ သော်လည်း သွားရောက်ကုသရာတွင် သွားလာရေး ခက်ခဲပါသည်။ ဆက်သွယ်ရေးလမ်း အခက်အခဲရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

### (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | လတ် | |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | လတ် | |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | နိမ့် | |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော | နိမ့် | |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| | ဒေသတွင် နေထိုင်သူ | မြင့် | |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | နိမ့် | |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | နိမ့် | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်း ခံရသူများ (IDP) | နိမ့် | |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | နိမ့် | |
| ၉ | ငါးကန်ပိုင်ရှင် | | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | | |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် | |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | နိမ့် | |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | နိမ့် | |
| ၁၄ | ရွှေတွင်းလုပ်သား | နိမ့် | |
| ၁၅ | ဆေးစွဲသူများ | | |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | လတ် | |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | လတ် | |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် | |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | လတ် | |
| ၂၀ | ကားသမား | နိမ့် | |
| ၂၁ | အခြား | လတ် | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။**

ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသောအိမ်ထောင်စုမှာ အများ အားဖြင့် ကျဘမ်းလုပ်ငန်းဖြင့် လည်ပတ်နိုင်ကြောင်း တွေ့ရပါသည်။ မြေယာမဲ့ ဆင်းရဲသား တောင်သူများ မှာလည်း ငှားရမ်းလုပ်ကိုင်နေထိုင်ကြောင်း တွေ့ရှိရပါသည်။ လက်လုပ်လက်စာနှင့် ကျပန်းများမှာ ပန်းရံ၊ လက်သမား၊ အထည်ချုပ်လုပ်ငန်းများနှင့် အဆင်ပြေနေထိုင်ကြောင်း တွေ့ ရပါသည်။ ကားသမားများမှာမူ အနည်းငယ်ရှိပြီး အငှားကားလိုက်မောင်းကြကြောင်း တွေ့ရှိရ ပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုး အစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင် ဖွဲ့စည်း သူများ (၄/၅) | စွမ်း ဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | ရွှေဝါးရုံ | ၁ | | ၂၀ | ၂၀ | | ၄ | ၈ |
| ၂ | ထော့မဲပါ | ၂ | ၁၀ | ၁၅ | ၃၅ | | ၄ | ၇ |
| ၃ | | | | | | | | |
| ၄ | | | | | | | | |
| ၅ | | | | | | | | |
| ၆ | | | | | | | | |
| ၇ | | | | | | | | |
| ၈ | | | | | | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

